# (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

၁။ ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်ကျရောက်သော (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတစ်ရပ်အဖြစ် အမျိုးသားစုစည်းမှုကို ထုတ်ဖော်ပြသပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအပါအဝင် မျိုးနွယ်စု အကြီးအကဲများ၏ မိမိနယ်မြေအလိုက် မိရိုးဖလာ ကျင့်သုံးလာခဲ့သည့် အမွေဆက်ခံ အုပ်ချုပ်ရေးစနစ်ဟောင်းမှ ချင်းလဲန်တစ်ခုလုံးကို စုစည်း၍ အမျိုးသား ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သစ်ဖြင့် ကျင့်သုံးအုပ်ချုပ်ရန် ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။

၂။ အကြမ်းဖက်စစ်အုပ်စုမှ ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့တွင် နိုင်ငံတော်အာဏာကို မတရားသိမ်းယူခြင်းကြောင့် ချင်းပြည်သူများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အလွှာစုံမှ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ရန် ရရာလက်နက်စွဲကိုင်ပြီး နွေဦးတော်လှန်ရေးအတွက် အသက်၊ သွေး၊ ချွေး၊ အိုးအိမ်စည်းစိမ် ပေါင်းများစွာ စတေးလျက် ခုခံတော်လှန်စစ်ကို ဆင်နွှဲလာခဲ့ကြသည်။ နွေဦးတော်လှန်ရေးတွင် သွေးမြေကျခဲ့သော အာဇာနည်များ၊ ဒဏ်ရာရ ရဲဘော်ရဲဘက်များအားလုံးအပေါ် လေးစား ဂါရဝပြုကြောင်းနှင့် လူမှုဒုက္ခပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူအားလုံးအပေါ် လေးစား စာနာကြောင်း ဤနေ့ရက်အခါသမယတွင် အလေးအနက် ဖော်ပြအပ်ပါသည်။

၃။ ချင်းအမျိုးသားတပ်ဦး၊ ချင်းအမျိုးသားတပ်မတော်သည် လက်ရှိ ဆင်နွှဲနေသော တော်လှန်ရေးစစ်ပွဲကို အမျိုးသားလွတ်မြောက်ရေးအောင်ပွဲအဖြစ် ခံယူလျက် နိုင်ငံရေးဦးတည်ချက်၊ ယုံကြည်ချက်တူညီသော ညီနောင်လက်နက်ကိုင်မဟာမိတ်များ၊ National Unity Government– NUG၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းပြည်ထောင်တည်ဆောက်ရေးကိုလည်း Stakeholders များနှင့်အတူ ဆက်လက် အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

၄။ ၂၀၂၁ ခုနှစ်အလွန် အာဏာရှင် ဆန့်ကျင်တွန်းလှန်သည့် စစ်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုသည် ပြည်သူအခြေပြု ပြည်သူ့တော်လှန်ရေးဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားတစ်ရပ်လုံးအနေဖြင့် ချင်းအမျိုးသားတပ်ဦး၊ ချင်းအမျိုးသားတပ်မတော်နှင့်အတူ အာဏာရှင်ဆန့်ကျင်ရေး တော်လှန်ရေးတွင် မိမိတတ်ကျွမ်းရာ ကဏ္ဍအသီးသီးမှ တတတ်တအား ပူးပေါင်း ပါဝင်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၅။ ယနေ့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ (၂၀) ရက်တွင် ကျရောက်သော (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့အား ချင်းလဲန်နှင့် အနယ်နယ်အရပ်ရပ်ရှိ ချင်းအမျိုးသားပြည်သူတစ်ရပ်လုံးမှ အမျိုးသားနိုင်ငံရေး အနှစ်သာရ ရှိရှိ ကျင်းပနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland